သက်သေခံနှစ်ယောက်မှာရှိသည့်အခွင့်အာဏာကို စတင်လေ့လာကြည့်ကြပါစို့။ သူတို့သည် ထိုသူတို့၏ရန်သူများကို သတ်သောမီးမိုးနှင့် ကြောက်မက်ဖွယ်ကောင်းသော ကပ်ဘေးများ ယူဆောင်လာခြင်းကို ရပ်တန့်နိုင်သည်။ ၎င်းသည် သူတို့အား သင်စိတ်ပျက်စေချင်သည့်အတိုင်း ဖြစ်ပုံမပေါ်ချေ။ ဟုတ်ပါသလား။



သို့ပေမယ့် အနက်ဆုံးတွင်းထဲက သားရဲတစ်ကောင်သည် အဘယ်သို့နည်းလမ်းဖြင့်ဖြစ်စေ သူတို့ကို သတ်ပစ်ခဲ့သည်။ ထိုအရာသည် အဘယ်သို့ ဖြစ်နိုင်မည်နည်း။

သတိရပါ၊ သက်သေခံနှစ်ပါးသည် ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းကိုကိုယ်စားပြုပြီး သမ္မာကျမ်းစာ၏စီရင်ချက်များသည် နောင် အနာဂတ်တွင် အားလုံးနီးပါးရှိနေသေးသည်ကို သတိရပါ။ နောက်ဆုံးသောနေ့၏ ဆုလာဒ်များနှင့် ပြစ်ဒဏ်များသည် မရောက်လာသေးပါ။ ကျမ်းစာ၏ အခွင့်အာဏာတန်ခိုးသည် သမ္မာကျမ်းစာပြောထားသကဲ့သို့ ကြီးမားသည်။ သို့သော်လည်း ယခုချိန်တွင် နောက်ဆုံး ပြစ်ဒဏ်စီရင်ခြင်း မချမှတ်သေးပါ။

**လက်တွေ့ကျင့်သုံးရန်။** မတရားသောသူများအား ပြစ်ဒဏ်စီရင်ချမှတ်ခြင်းကို ယခုအချိန်ထိ မတွေ့ရသေးသောကြောင့်၊ ၎င်းသည် သူတို့၏အပြစ်ဒဏ်ကို လျော့နည်းစေမည်မှာ သေချာပါသလား။ ဒေသနာကျမ်း ၈း ၁၁။

## သောကြာနေ့ | သက်သေခံနှစ်ပါး (၂) 

နောက်ထပ်အဘယ်သို့ဖြစ်ပျက်ခဲ့သနည်း။ ဗျာဒိတ်ကျမ်း ၁၁း ၇-၁၂။



သက်သေခံနှစ်ပါးသည် ၁၂၆၀ ခုနှစ်အကုန်ပိုင်းတွင် သူတို့၏သက်သေခံချက်ပြီးဆုံးသွားသောအခါ သူတို့ကို “အနက်ဆုံးသောတွင်း” ထဲကသားရဲသည် တိုက်ခိုက်၍ “သတ်ပစ်” ခဲ့ပြီး၊ သောဒုံ၊ အီဂျစ်နှင့် ယေရုရှလင် ဟုခေါ်ဆိုသော ဝိညာဉ်ရေးရာနေရာတစ်ခု၏လမ်းပေါ်၌ လိမ်လည် လှည့်စားဖို့ရန် ကျန်ခဲ့လေသည်။ ဤအရာသည် ဘာကိုဆိုလိုသနည်း။

၎င်းတို့၏ရပ်တည်ရာအကြောင်းနှင့်အတူ စတင်လေ့လာကြစို့။ သောဒုံမြို့သည် စာရိတ္တပိုင်းဆိုးရွားသောမြို့တစ်မြို့အဖြစ် လူသိများခဲ့ကြသည်။ (ကမ္ဘာဦးကျမ်း ၁၉း ၄-၇)



အီဂျစ်ပြည်သည် ဘုရားသခင်ကို ငြင်းပယ်ရာတွင် အကျော်ကြားဆုံးသော တိုင်းပြည်တစ်ပြည် ဖြစ်သည်။ ထွက်မြောက်ရာ ကျမ်း ၅း၁၊ ၂။

ယေရုရှလင်သည် ဘုရားသခင်ကို အလွန်မုန်းတီးကြပြီး၊ သခင်ယေရှုခရစ်တော်အပါအဝင် သူစေလွှတ်သောသူများအားလုံးကို နှိပ်စက်ညှဉ်းဆဲ၍ သတ်ပစ်ခဲ့ကြသည်။ ရှင်လုကာခရစ်ဝင် ၁၁း၄၉-၅၁၊ တမန်တော်ဝတ္ထု ၇း၅၂၊ ၁၃း၂၇၊ ၂၈။

ထို့ကြောင့် နှစ်ပေါင်း ၁၂၆၀ ပြည့်နှစ်လွန် (၁၇၉၈ မှာအဆုံးသတ်သွားသည်)၏ ကြောက်မက်ဖွယ် အကျင့်စာရိတ္တယိုယွင်းမှု၊ ဘုရားမဲ့ဝါဒ၊ သတ်ဖြတ်မှုနှင့် ဘုရားသခင်နှင့် သူ၏နှုတ်ကပတ်တော်အပေါ် အထူးတိုက်ခိုက်ခြင်း ရှိသည့်နေရာကို မည်သည့်နေရာ၌ သင်ရှာတွေ့နိုင်သနည်း။ အံဝင်ခွင်ကျဖြစ်သည့် တစ်ခုတည်းသောအဖြေတစ်ခုမှာ ပြင်သစ်တော်လှန်ရေးဖြစ်သည်။



သို့သော် ၃ ရက်ခွဲအကြောင်းနှင့် သက်သေခံနှစ်ပါးတို့၏ထမြောက်ခြင်းအကြောင်းမှာ အဘယ်နည်း။ “နှစ်အစား ရက်” နိယာမ သဘောတရားကို သင်မှတ်မိပါသလား။ ပရောဖက်ပြုချက်ထဲတွင် ဘုရားသခင်သည် တစ်နှစ်၏ သင်္ကေတတစ်ခုအနေဖြင့် တစ်ရက်ကို အကြိမ်ပေါင်းများစွာ အသုံးပြုသည်။ ထိုအကြောင်းကြောင့်၊ သမ္မာကျမ်းစာ၏ “သေခြင်း” (ပိတ်ပင်ဖျက်စီးခံရခြင်း) နှင့် ၎င်း၏ပြန်ထလာခြင်းနှင့် ချီးမြှောက်ခံရခြင်း (ကောင်းကင်သို့တက်ကြွခြင်း) အကြား ၃ရက်ခွဲသည် ၃နှစ်ခွဲကို ဆိုလိုခြင်း ဖြစ်သည်။

၎င်းသည် ထိုနည်းလမ်းအတိုင်း ဖြစ်ပျက်ခဲ့သည်။ ခရစ်ယာန်ဘာသာကို ဥပဒေဖြင့်တားမြစ်ပြီး သမ္မာကျမ်းစာကို မီးရှို့ဖျက်ဆီးရန် စတင်ခဲ့သော ဥပဒေများသည် ၁၇၉၃ ခုနှစ် နိုဝင်ဘာလတွင် အတည်ပြုခဲ့ပြီး၊ ၁၇၉၇ ခုနှစ် ဇွန်လ၊ သုံးနှစ်ခွဲအကြာတွင် ၎င်းဥပဒေကို ပယ်ဖျက်ခဲ့ကြသည်။ ထို့နောက် သမ္မာကျမ်းစာသည် တဖန်ပြင်သစ်နိုင်ငံ၌ ရှင်သန်ခဲ့ပြန်သည်။ ထို့အပြင် လူများတို့သည် ယခင်ကထက် သမ္မာကျမ်းစာကို ရိုသေမြတ်နိုးခဲ့ကြလေ၏။ ဗြိတိသျှနှင့် နိုင်ငံခြားကျမ်းစာအသင်းကို ၁၈၀၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး၊ နှစ် အနည်းငယ်အကြာတွင် အမေရိကန်ကျမ်းစာအသင်းကိုလည်း စတင်ခဲ့သည်။

ထိုအချိန်တုန်းက ကမ္ဘာတစ်ဝှမ်းလုံး၌ ဘာသာစကား ၅၀ ခန့်နှင့် သမ္မာကျမ်းစာအုပ်ရေပေါင်း လေးသန်းလောက်ရှိနိုင်မည် ဖြစ်သည်။ သို့သော် မကြာမီတွင် သန်းရာပေါင်းများစွာ မိတ္တူများရှိလာခဲ့ပြီး၊ ဘာသာစကားများသည် သာ၍သာ၍ များလာခဲ့သည်။ ၎င်းသည် အလွန်ပင်အံ့သြဖွယ်ရာကောင်းလှပါသည်။

**လက်တွေ့ကျင့်သုံးရန်။** ဗျာဒိတ်ကျမ်းတွင် ဓမ္မဟောင်းကျမ်းအား ကိုးကားချက်များ များစွာရှိသည်၊ သည့်အပြင် ဗျာဒိတ်ကျမ်းသည် ဓမ္မဟောင်းကျမ်းကို ရည်ညွှန်းဖော်ပြထားသည်။ အချို့သောလူများတို့သည် မိမိတို့ကို ဓမ္မသစ်ကျမ်းခရစ်ယာန်များဟု ခေါ်ဆိုကြပြီး၊ ဓမ္မဟောင်းကျမ်းကို လျစ်လျူရှုထားခဲ့ကြသည်။ ၎င်းသည် အရေးမကြီးတော့ဘူးဟု သူတို့ထင်ကြသည်။ သမ္မာကျမ်းစာအားလုံး၊ တစ်အုပ်လုံးအကြောင်းနှင့်ပတ်သတ်၍ ကျမ်းစာက ဘာပြောထားသနည်း။ တိမောသေဩဝါဒစာ ဒုတိယစောင် ၃း၁၆။

# ဘုရားသခင်ကို အမြင့်ဆုံးသောပုန်ကန်မှု

YR C
NO. 35

အလွတ်ကျမ်းချက်။ ။ ဆာလံကျမ်း ၁၄း၁

“ဘုရားသခင်မရှိဟု မိုက်သောသူသည် ထင်တတ်၏။ ထိုသို့သောသူတို့သည် ဆွေးမြေ့ယိုယွင်း၍ စက်ဆုပ်ဘွယ်သောအမှုကို ပြုတတ်ကြ၏။ ကောင်းသောအမှုကို ပြုသောသူတယောက်မျှမရှိ။”



## တနင်္ဂနွေနေ့ | ကြောက်မက်ဖွယ်ကောင်းသော တော်လှန်ရေးမတိုင်မီ 

လွန်ခဲ့သောအပတ်၌၊ ကျွန်ုပ်တို့သည် ၁၇၀၀ ပြည့်နှစ်ကျော်၌ ဖြစ်ပျက်ခဲ့သော သာသနာလုပ်ငန်းရုတ်တရုတ် တိုးတက်ကြီးထွားခြင်းအကြောင်းကို လေ့လာခဲ့ပြီးဖြစ်ပါသည်။ ၎င်းသည် များစွာသောခရစ်ယာန်များအတွက် စိတ်လှုပ်ရှားဖွယ်ကောင်းသော အချိန်ကာလဖြစ်ခဲ့သည်။ သို့သော် ဤအချိန်အတောအတွင်းတွင် အချို့တို့သည် ဘုရားသခင်၏အမှုတော်လုပ်ငန်းကို တက်ကြွစွာဆန့်ကျင်ခဲ့သည်။

ကမ္ဘာပေါ်တွင် ဤဆန့်ကျင်မှုကို ပြင်သစ်နိုင်ငံ၌ ပြသကဲ့သို့ မည်သည့်နေရာ၌မျှ ရှင်းရှင်းလင်းလင်းဖော်ပြထားခြင်းမရှိခဲ့ပါ။ ဤအကြောင်းအရာအဖြစ်အပျက်က ဝမ်းနည်းစရာကောင်းပေမယ့်လည်း ကျွန်ုပ်တို့ယူရမည့်သင်ခန်းစာများအကြောင်းကို စဉ်းစားရပေမည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ကမ္ဘာတစ်ခုလုံးက ထိုအချိန်တုန်းက ပြင်သစ်နိုင်ငံကဲ့သို့ပင် မကြာမီ ဖြစ်နေလိမ့်မည်။

နှစ်ပေါင်းရာချီများစွာပင်၊ ပြင်သစ်ကို “အသင်းတော်၏သမီးကြီး” ဟု ခေါ်တွင်ခဲ့သည်။ ဘုရင်များသည် ဟူးဂင်နော့ (ပြင်သစ် ပရိုတက်စတင့်များ) ကို ကာကွယ်သည့်အချိန်ကာလအနည်းငယ်မှအပ၊ ကက်သလစ်အသင်းတော်သည် နိုင်ငံတော်၏ကဏ္ဍများစွာကို အပြည့်အဝ ထိန်းချုပ်ထားနိုင်ခဲ့သည်။ ၁၇၀၀ ပြည့်နှစ်ရောက်သော်၊ ဤအရာသည် ရှုပ်ထွေးညစ်ပတ်မှုတစ်ခုဖြစ်စေခဲ့သည်။

ပြင်သစ်ပြည်သူများကို အုပ်စုသုံးစုခွဲ၍ “မြေယာပိုင်ဆိုင်မှုအဆင့်များ” (estates) ဟုခေါ်သည်။ ပထမဦးဆုံးအဆင့်မှာ အသင်းတော်ခေါင်းဆောင်များ ဖြစ်သည်။ ဒုတိယအဆင့်မှာ မြင့်မြတ်လေးစားရသောသူများဖြစ်ပြီး၊ တတိယအဆင့်မှာ အဘယ်သူမဆို၊ လူတိုင်း ဖြစ်သည်။ ပထမအုပ်စုနှစ်စုသည် နိုင်ငံ့လူဦးရေ၏ အနည်းငယ်မျှသာရှိသော်လည်း ပြင်သစ်ရှိမြေတစ်ဝက်နီးပါးကို ပိုင်ဆိုင်ခဲ့ကြသည်။ ထို့အပြင်၊ သူတို့သည် မည်သည့်အခွန်များကိုမှ မပေးခဲ့ကြချေ။ သင်မှန်ပါသည်၊ ၎င်းသည် တရား မမျှတမှု ဖြစ်သည်။

ဆင်းရဲသောလူများကို ဖိနှိပ်ခြင်းအကြောင်းနှင့်ပတ်သက်ပြီး သမ္မာကျမ်းစာက ဘာပြောထားခဲ့သနည်း။ သုတ္တံကျမ်း ၁၄း၃၁၊ ၂၂း၂၂၊ ၂၃၊ ဒေသနာကျမ်း ၅း၈။ သမ္မာကျမ်းစာက သခင်ယေရှုပြန်ကြွလာတော်မူခြင်းမတိုင်မီတွင် ချမ်းသာကြွယ်ဝသူများသည် ဆင်းရဲသားများအား ဖိနှိပ်နေဦးမည်ဟုလည်း ပြောဆိုထားသည်။ ရှင်ယာကုပ်ဩဝါဒစာ ၅း၁-၄။

ပြင်သစ်နိုင်ငံလူ့အဖွဲ့အစည်း၏ထိပ်ဆုံးမှာ ဘယ်သူရှိနေသည်ကို သင်သတိထားမိပါသလား။ အသင်းတော်ဖြစ်ပါသည်။ သခင်ယေရှုက အသင်းတော်၏ဖြစ်သင့်ဖြစ်ထိုက်သည့်အကြောင်းကို မည်သို့မိန့်တော်မူသနည်း။ ရှင်မာကုခရစ်ဝင် ၁၀း၄၂-၄၅။

**လက်တွေ့ကျင့်သုံးရန်။** အဘယ်ကဲ့သို့သောလူများကို ဤ လောကက “ကြီးမြတ်သောသူ” သို့မဟုတ် “ထင်ရှားကျော်ကြားသောသူ” ဟု အမြဲလိုလို ခေါ်သနည်း။ ထိုလူများမှ မည်မျှလောက်သောသူများသည် အမှန်တကယ်ပျော်ရွှင်နေသည်ဟု သင်ထင်သနည်း။ သင်သည် ကြီးမြတ်ခြင်းနှင့် ပျော်ရွှင်ခြင်း၊ နှစ်ခုထဲကတစ်ခုကို ရွေးချယ်မည်ဆိုလျှင် အဘယ်တစ်ခုကို သင်ရွေးချယ်မည်နည်း။ နှစ်ခုစလုံးရွေးချယ်ရန်မှာ မဖြစ်နိုင်ပါ။ ဘယ်လိုလဲ။

## တနင်္လာနေ့ | စစ်ပွဲသည် သမ္မာကျမ်းစာကို ဆန့်ကျင်ခြင်း 

ပြင်သစ်နိုင်ငံရှိ တရားမမျှတသောမြေယာပိုင်ဆိုင်မှုအဆင့်များ၏စနစ်သည် အလွန်ဝေးကွာသွားသည်။ နောက်ဆုံးတွင်၊ ဆင်းရဲသား၊ တတိယအဆင့်ပိုင်ဆိုင်သူများ၏စိတ်ညစ်မှုနှင့် ဒေါသထွက်ခြင်းသည် ပြင်သစ်တော်လှန်ရေးဟု လူသိများသည့် နှစ်ပေါင်းများစွာရက်စက်ကြမ်းကြုတ်သောစစ်ပွဲကို ဖြစ်ပေါ်စေခဲ့သည်။ ထိုနှစ်များအတွင်းမှာ အစိုးရကို ဖြုတ်ချလိုက်သည်၊ ဘုရင်နှင့် ဘုရင်မအပါအဝင် အခြားလူပေါင်း ၄၀၀၀၀ အထက် အသတ်ခံခဲ့ကြရသည်။ သူတို့၏ လောဘနှင့် စိတ်ဒေါသမာနကြောင့်၊ ဘုန်းတော်ကြီးများသည် အလွန်မထီမဲ့မြင်ပြုခြင်းခံရပြီး၊ သူတို့ထဲမှအများစုသည်လည်း အသတ်ခံခဲ့ကြရသည်။

အခြားတော်လှန်ရေးများနှင့်မတူဘဲ၊ မည်သူတစ်ဦးတစ်ယောက်ကမျှ ကက်သလစ်ဘာသာကိုပြောင်းလဲရန် သို့မဟုတ် ၎င်းဘာသာနေရာတွင် အခြားဘာသာတစ်ခုဖြင့်အစားထိုးရန် မကြိုးစားခဲ့ပါ။ ဤအချိန်တွင် လူများသည် ခရစ်ယာန်ဘာသာအားလုံးကို ဖယ်ရှားပစ်ရန် ဆုံးဖြတ်ခဲ့သည့် အသင်းတော်က သူတို့အား မည်သို့ဆက်ဆံသည့်အကြောင်းနှင့်ပတ်သတ်၍ အလွန်ဒေါသထွက်ခဲ့ကြသည်။ သူတို့သည် မကောင်းမှုအားဖြင့် အကောင်းကို ဖယ်ရှားပစ်ခဲ့ကြသည်။

ဘုရားသခင်ကိုယုံကြည်သည့် ယုံကြည်ခြင်းကိုငြင်းပယ်ရမည်ဟု ဘုန်းတော်ကြီးများက တိုက်တွန်းခံခဲ့ရသည်။ ထို့ကြောင့် ပဲရစ်မြို့ (Paris) ရှိ ဂိုဏ်းချုပ်ဘုန်းတော်ကြီးအပါအဝင် သူတို့အများစုသည်

© ၂၀၂၃ - My Bible First  www.mybiblefirst.org  sales@mybiblefirst.org

သူတို့၏ယုံကြည်ခြင်းကို ငြင်းပယ်ခဲ့ကြ၏။ ထို့အပြင် သမ္မာကျမ်းစာများကို မီးရှို့ခဲ့ကြပြီး ဘာသာရေးဆိုင်ရာလုပ်ဆောင်မှုများကို ရပ်ဆိုင်းတားမြစ်ခဲ့လေသည်။ အစိုးရအသစ်သည် "အကြောင်းပြချက်ကို ကိုးကွယ်ခြင်း" (Worship of Reason) သို့မဟုတ် ရုပ်တုကိုသာကိုးကွယ်ခြင်း ဟူသော အသစ်သောဘာသာရေးတစ်ခုကို ကြေငြာခဲ့လေသည်။



အမှန်တကယ်မှာ ဤသည် အသစ်သော ဘာသာရေးတစ်ခု မဟုတ်ပါ။ ၎င်းသည် ဘာသာမဲ့ အယူဝါဒဖြစ်ပြီး သူတို့၏ယုံကြည်ချက်မှာ ဘုရားမရှိ ဖြစ်သည်။ ၎င်းသည် သင့်အတွက်ထူးဆန်းပေလိမ့်မည်၊ သို့သော် ထိုသို့ယုံကြည်သောသူများအကြောင်းကို သမ္မာကျမ်းစာက ပြောထားခဲ့ပါသည်။ ဆာလံကျမ်း ၁၄း၁။

ဤအရာအားလုံး၌ အသစ်အဆန်းတစ်ခုမှာ တိုင်းပြည်တစ်ပြည်လုံးသည် ဘုရားသခင်ကို မယုံကြည်ကြောင်း ပထမဆုံးတရားဝင်ကြေငြာခဲ့ခြင်းဖြစ်သည်။ ဘယ်လောက်ဝမ်းနည်းစရာကောင်းလိုက်သလဲ။ သို့သော် ပြင်သစ်၌အသက်ရှင်နေထိုင်ကြသော လူအများဆုံးမှာမူ ပျော်ရွှင်ဝမ်းမြောက်ခဲ့ကြသည်။ လောဘကြီးသောဘုန်းတော်ကြီးများကိုလည်း သူတို့၏ငွေများ မပေးရတော့ပေ။ သူတို့၏အပြစ်များကို ဝန်ချတောင်းပန်ရန် ဘုန်းတော်ကြီးလည်း မလိုအပ်တော့ပေ၊ သူတော်စင်များကိုလည်း ဥာဏ်မဲ့စွာ ဆုတောင်းစရာ မလိုတော့ပေ၊ သို့အပြင် အပြစ်ကင်းလွတ်ခွင့်လက်မှတ်အတွက် ငွေမြောက်မြားစွာလည်း ပေးရန်မလိုတော့ပေ။

ကက်သလစ်ဘာသာ၏အယူမှားများနှင့် အလွဲသုံးစားမှုများကို ဖယ်ရှားပစ်ခြင်းသည် ကောင်းသည့်အရာတစ်ခု ဖြစ်ခဲ့သည်။ သို့သော် ဝမ်းမြောက်ခြင်း၏ နောက်အခြားတဘက်မှာ အခြားသောအတွေးအခေါ်တစ်ခုရှိသည်။ ၎င်းမှာ အပြစ်ဒုစရိုက်မရှိတော့ပေဟု သတ်မှတ်ခြင်းဖြစ်သည်။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် ပညတ်တော် မရှိတော့သောကြောင့်ဖြစ်သည်။ သမ္မာကျမ်းစာနှင့် ပညတ်တော်ဆယ်ပါးကို တရားဝင် ငြင်းပယ်ဖယ်ရှားခဲ့ပြီးသားဖြစ်သည်။



ထိုအချိန်မှစ၍ သူတို့သည် သူတို့၏ ကိုယ်ပိုင်ဥပဒေများ (သို့) ပညတ်များကို လုပ်ခဲ့လေသည်။ ထိုအရာသည် သူတို့လုပ်ခဲ့သောအရာများနဲ့ တစ်ထပ်တည်းဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** ကက်သလစ်ဘာသာနှင့် ဘုရားမဲ့ဝါဒီတို့သည် လုံးဝဆန့်ကျင်ဘက် ဖြစ်ဟန်ရှိသည်။ သို့သော် အလွန်အရေးကြီးဆုံးသော တူညီမှုတစ်ခုရှိသည်။ သူတို့နှစ်ခုစလုံးသည် ဘုရားသခင်၏ပညတ်တော်ကို တိုက်ခိုက်ခဲ့သည်။ နေဟမိမှတ်စာ ၉း၂၆၊ ဆာလံကျမ်း ၁၁၉း၁၂၆၊ ရှင်မာကုခရစ်ဝင် ၇း၇။ ရှင်မဿဲခရစ်ဝင် ၅း၁၇၊ ရောမဩဝါဒစာ ၃း၃၁။

## အင်္ဂါနေ့ | ကြေကွဲဝမ်းနည်းဖွယ်ကောင်းသောရလဒ်များ ၃

ပြင်သစ်တော်လှန်ရေး၏ ဝမ်းနည်းဖွယ်ရာအကြောင်းအရာအဖြစ်အပျက်သည် အရေးကြီးလှပါသည်။ ၎င်းသည် ကျွန်ုပ်တို့နေထိုင်သည့် ဤလောကမှာ မကြာမီ ဖြစ်ပျက်လာဦးမည့်အရာများကို ကျွန်ုပ်တို့အား ဖော်ပြပေးနေသောကြောင့် ဖြစ်သည်။ ပြင်သစ်လူမျိုးများသည် သူတို့၏ ဘုရင်ကိုဖယ်ရှားပြီး၊ ဘုရားသခင်နှင့် ဘုရားသခင်၏ပညတ်တော်များကို ပယ်ရှားရန် တရားဝင်မဲပေးပြီးလျှင်၊ တစ်ချိန်တည်းမှာပင် သူတို့သည် သူတို့ လိုချင်သည့်နည်းအတိုင်း သူတို့လွတ်လပ်သည်ဟုခံစားနိုင်မည့် ဥပဒေစနစ်အသစ်တစ်ခုကို ပြုလုပ်နိုင်ခဲ့ကြသည်။ စာတန်သည် သူ၏အောင်မြင်မှုနှင့်အတူ အဘယ်မျှလောက် စိတ်ကျေနပ်ခဲ့မည်နည်း။

သို့သော် အစိုးရ၏အုပ်ချုပ်ရေးသည် မလွယ်ကူခဲ့ချေ။ တစ်ကိုယ်ကောင်းဆန်သော အစိုးရတစ်ခုသည် အနေးနှင့်အမြန် မိမိကိုယ်ကို အမြဲဖျက်စီးလိမ့်မည်။ ပြင်သစ်တော်ဝင်နန်းတော်နှင့် အသင်းတော်တွင် နှစ်ပေါင်းများစွာတည်ရှိခဲ့သောဆိုးသွမ်းမှုနှင့် တစ်ကိုယ်ကောင်းဆန်မှုသည် "အမျိုးသားလွတ်တော်" အသစ်ကို တစ်ကိုယ်ကောင်းဆန်ခြင်းမှလွဲ၍ မည်သူကိုမျှ ပညာရှိစွာ ဦးဆောင်နိုင်ခြင်း မရှိခဲ့ပါ။ သုတ္တံကျမ်း ၂၉း၁၂။

ကြီးမားသောအစိုးရအပြောင်းအလဲများနှင့် အလွန်ဆိုးရွားသည့် အချိန်ကာလကျော်လွန်ပြီးနောက်တွင် ၎င်းကို "အကြမ်းဖက် အုပ်ချုပ်မှု" ဟု ခေါ်ဆိုခဲ့သည်။ နပိုလီယံဘိုနာပါ့တ် (Napoleon Bonaparte) အမည်ရှိ လူငယ်တစ်ဦးသည် အစိုးရအာဏာသိမ်း၊ ချုပ်ကိုင်ပြီး မိမိကိုယ်ကို ပြင်သစ်ဘုရင်ဧကရာဇ်မင်းအဖြစ်နဲ့ သရဖူကိုဆောင်းခဲ့သည်။



ဤအရာအလုံးစုံ ရှုပ်ထွေးနေစဥ်ကာလအတွင်း၊ ထောင်နှင့်ချီသော အသက်များဆုံးရှုံးခဲ့ရပြီး၊ လူမျိုးများနှင့် တိုင်းပြည်သည်လည်း ပျက်စီးခဲ့လေသည်။ ပြင်သစ်တော်လှန်ရေးမှ မည်သည့်အကျိုးကျေးဇူးမှ မရရှိခဲ့ပါသလား။ကောင်းပြီ၊လူမျိုးတမျိုး သို့မဟုတ် တိုင်းပြည်တစ်ခုက ဘုရားသခင်ကိုစွန့်ခွာပြီး သူ့ပညတ်တော်ကို ဖျက်စီးလိုက်ပါက မည်သို့ဖြစ်လာမည်ကို ကျွန်ုပ်တို့အား သတိတစ်ခုကို ၎င်းက ပေးခဲ့ပါ သည်။



**လက်တွေ့ကျင့်သုံးရန်။** တစ်ကိုယ်ကောင်းဆန်သောလူများကို အုပ်ချုပ်ရန်မှာ ခက်ခဲပါသည်။ ပို၍တစ်ကိုယ်ကောင်းဆန်သော သူတို့ကိုဆိုလျှင် ပို၍ခက်ခဲပါသည်။ စာတန်မာရ်နတ်သည် သူ့၏အစီအစဥ်များဖြင့် အဘယ်ကြောင့် ဘယ်တော့မှ အောင်မြင်မည် မဟုတ်ကြောင်းကို သင်တွေ့မြင်နိုင်ပါသလား။ ဟောရှာယအနာဂတ္တိကျမ်း ၁၄း၁၂-၁၅။

## ဗုဒ္ဓဟူးနေ့ | ပရောဖက်ပြုချက်ကို ပြည့်စုံစေခြင်း ၄

ပြင်သစ်တော်လှန်ရေး၏သမိုင်းအကြောင်းကို လူသိများသည်။ သင်တို့သည်လည်း စာသင်ကျောင်းတွင် သင်ယူလေ့လာခဲ့ပြီးသား ဖြစ်နေလိမ့်ပေမည်။ သို့သော် များစွာသောလူတို့သည် ၎င်းက ပရောဖက်ပြုချက်ပြည့်စုံခဲ့သည်ကို မသိကြချေ။ ထိုအဖြစ်အပျက်မတိုင်မီ နှစ်ပေါင်းရာချီက ဘုရားသခင်သည် တမန်တော်ယောဟန်အား ထိုအဖြစ်အပျက်ကို ဖော်ပြသည့် "လျှို့ဝှက်ကုတ်နံပါတ်" တစ်ခုကို ပေးခဲ့သည်။ ၎င်းအကြောင်းကို ဗျာဒိတ်ကျမ်း ၁၁း၁-၃ ၌ ဖတ်ပါ။

သက်သေခံနှစ်ပါး အကြောင်းကို ကျွန်ုပ်တို့မလေ့လာခင်၊ ဤပရောဖက်ပြုချက်၏အချိန်အပိုင်းအခြားကို၎င်း၊ သမိုင်း၌ ထို အဖြစ်အပျက်သည် အဘယ်နေရာ၌ ဖြစ်ပျက်ကြောင်း အံဝင်ခွင်ကျဖြစ်စို့ရန် လိုအပ်ပါသည်။ ပထမတစ်ချက်မှာ ဤအခန်းငယ်များသည် ကွဲပြားခြားနားသော အချိန်ကာလနှစ်ခုအကြောင်းနှင့်ပတ်သတ်၍ ၄၂ လနှင့် ၁၂၆၀ ရက်အကြောင်းကို ပြောသကဲ့သို့ဖြစ်သည်။ သို့သော် သေချာက သူတို့သည် အမှန်တကယ်အတူတူဖြစ်နေကြောင်း မြန်မြန်ဆန်ဆန်ပြပါလိမ့်မည်။ ၄၂ လ ကို တစ်လတိုင်းတွင် ရက် ၃၀ ဖြင့် မြှောက်သောအခါ ရက်ပေါင်း ၁၂၆၀ နှင့် ညီမျှပါသည်။ **၄၂ လ × ၃၀ ရက် = ၁၂၆၀ ရက်**

**42 months**
**×30 days**
**1260 days**

ဤအချိန်ကာလသည် အလွန်အရေးကြီးသော အချိန်ကာလဖြစ်သည်။ ထို့ကြောင့် ဗျာဒိတ်ကျမ်း၌ သုံးကြိမ် (၁၂း၆၊ ၁၄၊ ၁၃း၇) တွင်ဖော်ပြထားပြီး၊ ဒံယေလအနာဂတ္တိကျမ်း၌ နှစ်ကြိမ် (၇း၂၅၊ ၁၂း၇) တွင် ဖော်ပြခဲ့သည်။ ဤကျမ်းပိုဒ်များသည် ရက်ပေါင်း ၁၂၆၀ ဘယ်အချိန်မှအစပြုပြီး အဘယ်အချိန်မှာအဆုံးသတ်မည်ဟူသည်ကို အတိအကျသိစေရန် ကျွန်ုပ်တို့အား ကူညီသည်။

ဒံယေလအနာဂတ္တိကျမ်း ၇း၂၃-၂၅ ကို ဖတ်ပါ။ စတုတ္ထမြောက်သားရဲသည် ဒံယေလအနာဂတ္တိကျမ်း အခန်းကြီး (၂) ၏ ရုပ်တုတွင်ပါရှိသည့် စတုတ္ထမြောက်ဖြစ်သောသတ္တုနှင့် အတူတူဖြစ်ကြောင်းနှင့် ၎င်းသည် ရောမနိုင်ငံကို ကိုယ်စားပြုကြောင်းကို သတိရပါ။ ရက်ပေါင်း ၁၂၆၀ အကြောင်းနှင့်ပတ်သတ်၍ သမ္မာကျမ်းစာသည် ခြောက်ကြိမ်တိုင်တိုင် ပြောဆိုထားပြီး၊ များစွာသောရုပ်ပါရုံများကို ကောင်း ကင်တမန်သည် ရှင်းပြထားသောကြောင့် ထိုကျမ်းချက်များသည် နားလည်ရန် အလွယ်ဆုံးသောကျမ်းချက်များဖြစ်သည်။ ချိုငယ်လေးသည် ချိုဆယ်ချောင်းကြားမှ ပေါက်ထွက်လာပြီး၊ အခြားသုံးချောင်းကို အမြစ်ပြုတ်နုတ်ပစ်ခဲ့သည်။ ထိုချိုငယ်သည်ပါးစပ်မှ ပြောဆိုသည့် "ကြီးစွာသောစကားများ" ဖြစ်သော "အချိန်နှင့်ပညတ်တော်ကို ပြောင်းလဲရန်" ကြိုးပမ်းခြင်းနှင့် "အမြင့်ဆုံးသောသူ၏ သန့်ရှင်းသူများ" ကို နှိပ်စက်ညှဥ်းပန်းခြင်း၊ ဤအရာအားလုံးတို့သည် ထိုချိုငယ်က ပုပ်ရဟန်းမင်းကြီးနှင့် ရောမမြို့ဖြစ်နေကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။




ဤ ရက်ပေါင်း ၁၂၆၀ ကို ကျွန်ုပ်တို့မြင်တွေ့ရတိုင်း၊ ဘုရား သခင်၏အသင်းတော်သည် ပုပ်ရဟန်းမင်းနှင့် ရောမမြို့၏နှိပ်စက်ညှဥ်းပန်းမှုကို ခံခဲ့ရကြောင်းကို ကျွန်ုပ်တို့ တွေ့မြင်သည်။ ဗျာဒိတ်ကျမ်း ၁၃း၃ တွင် "သေစေသောဒဏ်ရာ" ပျောက်ကင်းစေသည့်အကြောင်း နောက်ထပ်အချက်တစ်ချက် ထပ်မံဖော်ပြထားသည်။ ၎င်းသည်လည်း ကောင်းကောင်းအထောက်အကူဖြစ်ပါသည်။

ထို့ကြောင့် ဤအချိန်ကာလသည် အဘယ်အချိန်ဖြစ်ခဲ့သနည်း။ ၎င်းသည် အေဒီ ၅၃၈တွင် အခြား "ချိုများ" (နိုင်ငံများ) ကို ဖျက်ဆီးပြီးနောက် ပုပ်ရဟန်းမင်းက အပြည့်အဝအာဏာပြန်ရသည့် အချိန်မှစ၍ စတင်ခဲ့သည်။ (သမ္မာကျမ်းစာ ပရောဖက်ပြုချက်၏တစ်ရက်သည် အမှန်တကယ် တစ်နှစ်အချိန်နှင့် ညီမျှကြောင်းသတိရပါ။ ယေဇကျေလအနာဂတ္တိကျမ်း ၄း၆)။ ၁၂၆၀ နှစ်သည် ၁၇၉၈ ခုနှစ်တွင် အဆုံးသတ်သွားသည်။ ထိုအချိန်တွင် ပုပ်ရဟန်းမင်းသည် "သေစေနိုင်သောအနာ" ကို ရရှိသည်ကို ကျွန်ုပ်တို့ မျှော်လင့်သင့်သည်။

ထို့နောက် ဘာဖြစ်ပျက်ခဲ့သနည်း။ ၁၇၉၈ ခုနှစ်၌ နပိုလီယမ်ဘိုနာပါ့တ်သည် အီတလီသို့ စေလွှတ်ခဲ့ပြီး၊ ဖမ်းချုပ်ခံထားရသော ပုပ်ပိယပ်စ် (၆) အား ခေါ်သွားခဲ့လေသည်။ သူသည် နောက်နှစ်၌ သေဆုံးခဲ့သည်။ သူတို့သည် မကြာမီတွင် အသစ်သောပုပ်ရဟန်းမင်းတစ်ပါးကို ပြန်ခန့်အပ်ခဲ့သည်။ သို့သော် ပုပ်ရဟန်းမင်းကြီးသည် ၎င်း၏အာဏာလွှမ်းမိုးမှုနှင့် သြဇာတန်ခိုး အများကြီး ဆုံးရှုံးခဲ့ရသည်။

**လက်တွေ့ကျင့်သုံးရန်။** တဖန် ဘုရားသခင်က၊ သူသည်သာ အခြားသောဘုရားများအားလုံး၏အထက်မှာရှိနေကြောင်း၊ စီရင်နိုင်ကြောင်းနှင့် အနာဂတ်ကိုသိပြီး ပြောပြနိုင်သည့်အကြောင်းရင်းကို ဘာကြောင့်ပြောပြခဲ့သည်ကို ကျွန်ုပ်တို့ တဖန်တွေ့နိုင်ပါသည်။ ဟေရှာယအနာဂတ္တိကျမ်း ၄၄း၆၊ ၄၆း၁၀။

## ကြာသပတေးနေ့ | သက်သေခံနှစ်ပါး (၁) ၅

ဗျာဒိတ်ကျမ်း ၁၁း၃၊ ၄ နှင့် ဆာလံကျမ်း ၁၁၉း၁၀၅ ကို ဖတ်ပါ။ ဤသက်သေခံနှစ်ပါသည် ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်း ကို ကိုယ်စားပြုထားသည်။ သူတို့သည် အေဒီ ၅၃၈ မှ အေဒီ ၁၇၉၈ အထိ၊ နှစ်ပေါင်း ၁၂၆၀ ကာလအကြောင်းကို (ဆင်းရဲနွမ်းပါးခြင်းနှင့် နှိပ်စက်ညှဥ်းပန်းခြင်း ကာလတစ်လျှောက်) "လျှော်တေအဝတ်" ကို ဝတ်လျက် ပရောဖက်ပြုခဲ့ကြသည်။ သို့သော် ပရောဖက်ပြုချက်၏အဆုံးမှာ အဘယ်သို့နည်း။ ၎င်းအားလုံးသည် ဘာကိုဆိုလိုသနည်း။

ဗျာဒိတ်ကျမ်း ၁၁း၄-၈ ကိုဖတ်၍ သက်သေခံနှစ်ဦးကို ဖော်ပြရန် အသုံးပြုသည့်ဓမ္မဟောင်းကျမ်းအကြောင်းအရာများမှ လာသောအဘယ်မျှလောက်သော အကြံဥာဏ်များရှိသည်ကို သတိပြုမှတ်သားပါ။ ပထမတွင် သူတို့ကို သံလွင်ပင်နှစ်ပင်၊ မီးခွက်နှစ်လုံးနဲ့ နှိုင်းယှဥ်ထားသည်။ ထိုအရာသည် ဇာခရိအနာဂတ္တိကျမ်း အခန်းကြီး ၄ ၌ရှိသော ယောရှုနှင့် ကောင်းကင်တမန်၏ရုံပါရုံမှ လာခြင်းဖြစ်သည်။

ထို့နောက် သူတို့ကို ဧလိယနှင့် နှိုင်းယှဥ်ထားသည်။ ရန်သူများကို မီးမိုးကျဖျက်စီးစေခဲ့ခြင်းနှင့် မိုးတိတ်သည့်အချိန်အခါ အကြောင်းဖြစ်သည့် ဧလိယ၏အဖြစ်အပျက်အကြောင်းများကို သင်မှတ်မိပါသလား။

အီဂျစ်ပြည် (ယခင် အဲဂုတ္တုပြည်) ၌ မောရှေနှင့် ထွက်မြောက်ရာကျမ်းမှ ရေမှ သွေးအဖြစ်သို့ ပြောင်းလဲခြင်းနှင့် ကပ်ဘေးများဖြင့် ကမ္ဘာကို ရိုက်ခတ်ခြင်း စသည့်အဖြစ်အပျက်များ အားလုံးတို့သည် ကျွန်ုပ်တို့အား ပြန်သတိပေးစေပါသည်။ နောက်ဆုံးတွင်သော်၊ အီဂျစ် နှင့် ယေရုရှလင်မြို့တို့၌ ထိုသက်သေခံနှစ်ပါး၏ သေဆုံးသွားခြင်းကို ကျွန်ုပ်တို့တွေ့ရပါသည်။

လူများတို့သည် အဘယ်ကြောင့် သမ္မာကျမ်းစာနှင့်အကျွမ်း တဝင်မရှိကြောင်းနှင့် အထူးသဖြင့် ဓမ္မဟောင်းကျမ်းသည် ဤအရာကို အလွန်ရှုပ်ထွေးစေကြောင်းကို သင်တွေ့မြင်နိုင်သည်။